**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၂၁ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၁–၁၀–၂၀၁၄ ] (အင်္ဂါနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပြစ်ချက်မှတ်တမ်း(မင်နီ/ မင်ပြာ) (၄)ခု အထက်ရှိသည့် ရဲတပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို ရာထူးအဆင့် တိုးမြှင့်ရေး စာမေးပွဲ ဖြေဆိုခွင့်ပြုရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းကို၊ ဆီဆိုင် မဲဆန္ဒနယ်၏ **သစ်တောစိုက်ခင်းများကို ပုဂ္ဂလိက တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် စိုက်ပျိုးခွင့်နှင့် သစ်တော စိုက်ခင်းအား လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်း ခွင့်ပြု၊ မပြုကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာအောင်သန်း၊ ရွှေဘို မဲဆန္ဒနယ်၏ **မိုးစပါး စိုက်ပျိုးစရိတ် ချေးငွေများကို နွေစပါး စိုက်ပျိုးစရိတ် ချေးငွေပေးသွင်းပြီးမှ ထုတ်ချေးမည်ဆိုသော စည်းကမ်းချက်အား သဘာဝဘေးဒဏ်နှင့် ပိုးမွှားများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံး၍ ပြန်လည်ပေးဆပ်ရန် အခက်အခဲ ဖြစ်နေသော လယ်သမားများအတွက် ဖြေလျှော့ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **သင့်လျော်သည့် လျော်ကြေး၊ နစ်နာကြေးပေးခြင်းများကို ကာယကံရှင်များနှင့် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက် ပေးသင့်ကြောင်းဆိုသည်နှင့်အညီ မိုလ်တထောင်မြို့နယ် COD ဝင်း မြေကွက်များ၏ မူလမြေပိုင်ဆိုင်မှု အထောက်အထား မှန်ကန်သူ ပြည်သူများနှင့် မည်သည့် အချိန်ကာလတွင် တွေ့ဆုံညှိနှိုင်း ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဗိုလ်မှူးမင်းဇော်လင်း၊ တပ်မတော်သားကိုယ်စားလှယ်၏ **ရန်ကုန်–နေပြည်တော်–မန္တလေး အမြန်လမ်းမကြီးအား အဆင့်မြှင့်တင် တိုးချဲ့ရန် ပြည်ပနိုင်ငံများမှ အကူအညီပေးရန် ကမ်းလှမ်းလာခြင်း ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော **"၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူနာအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာ တင်ပြခြင်း၊

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ် ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။